
ယဉ်ယဉ်နု (မန္တလေး)
ဝတ္ထုတိုများ

## မြက်ခင်းထဲက ရသပန်းကလေးတွေ

ကျွန်မစာပေဟောပြောပွဲ ခရီးထွက်ရင်း ဥယျာဉ်ကြီးတစ်ခုထဲသို့ ရောက်ရှိခဲ့ပါတယ်။ အဖော်ပါသူတွေက သွက်သွက်လက်လက် လှည့်ပတ်ကြည့်ရှုနိုင်ပေမယ့် ကိုယ်ကတော့ ဥယျာဉ်အဝနားမှာသာ ထိုင်နေခဲ့မိတယ်။ တသုန်သုန်တိုက်ခတ်နေတဲ့ လေညင်းကို ရှူရှိုက်ရင်းက ဥယျာဉ်ထဲမှာ ရှိကြတဲ့အပင်တွေကို ငေးရင်းမောရင်း လက်ရှိစာပေလောကနဲ့ နှိုင်းယှဉ်ပြီး စဉ်းစား နေမိတယ်။

ဥယျာဉ်ထဲမှာ အဓိကကြီးစိုးနေသူတွေက အရိုင်းပင်တွေ၊ ဟိုးခပ်ဝေးဝေးမှာ ယူကလစ်ပင် တွေက ယိမ်းနွဲ့နေတယ်။ တည်ပင်အမြင့်ကြီးတွေကျမိုးထိုးလို့၊ ပင်လယ်ကဗွီးပင်တွေက အတန်းလိုက်၊ ခေါင်းတညိတ်ညိတ်နဲ့။ စာအုပ်ဆိုင်ထဲ ဝင်လိုက်ရင် မြင်သာထင်သာတဲ့ နေရာမှာ ကြွားကြွားဝင့်ဝင့် ခင်းကျင်းထားတဲ့ နိုင်ငံရေးစာအုပ်စာတမ်းတွေလို၊ ဟိုမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဟိုမှာ ဦးဝင်းတင်း စသည်ဖြင့် ပွင့်လင်းမြင်သာခေတ်ရောက်လာတော့ ထွက်လာသမျှ နိုင်ငံရေး စာအုပ်တွေကို အလုအယက် ဖတ်ကြတော့ စာအုပ်ဆိုင်ထဲမှာ ကြီးစိုးနေကြတဲ့သူတွေက ပန်းခြံထဲ က အရိုင်းရပင်တွေလိုပဲ ခေါင်းတညိတ်မော့မော့၊ တကြော့ကြော့နဲ့ နိုင်ငံရေးစာအုပ်စာတမ်းတွေ။

ပန်းခြံထဲက ပန်းချုံတွေက နီ၊ ဝါ၊ ပြာ ရောင်စုံနဲ့ စိတ်ကို ဖမ်းစားနေကြပုံကလည်း စာပေနယ်မြေ က အောင်မြင်ခြင်း၊ တိုးတက်ခြင်းဆိုတဲ့ တတ်ကျမ်းတွေ ၊ သုတစာပေတွေ၊ ဒုတိယ အရောင်းရဆုံး ပါဆိုတဲ့ စာအုပ်စာတမ်းတွေလို အလှဆင်နေကြပါတယ်။

ဒီအချိန်မှာ ကျွန်မတို့ရေးသားတဲ့ ရသစာပေတွေကတော့ မြက်ခင်းစိမ်းစိမ်းလေးတွေထဲက မြေ ကပ်ပေါက်နေတဲ့ ပန်းလေးတွေနဲ့တူပါတယ်။

ကျွန်မတို့ ပန်းလေးတွေရဲ့ အလှကို ဘယ်သူမှ သတိ မထားမိကြဘဲ အသာအယာကျော်ဖြတ်သွားကြပြီး အရိပ်ရပင်တွေအောက်မှာ နားခိုလို့။ ရောင်စုံပန်း ပွင့်ကလေးတွေနဲ့တူတဲ့ ကျွန်မတို့ရသစာပေ အလှပန်းလေးတွေဟာ မြက်ခင်းထဲမှာနေရပေမယ့် ပန်း ကလေးတွေပါ။ မြက်က မြက်မို့ အနင်းခံနိုင်ပေမယ့် ပန်းက ပန်းမို့ အနင်းတော့ မခံနိုင်ပါဘူး။ ခူးချင်သူ မရှိ၊ ပန်မယ့်သူ မရှိပေမယ့် ရသပန်းကလေးတွေဟာ ကိုယ့်ခွန်၊ ကိုယ့်အားလေးနဲ့ အားလုံးအတွက် ကမ္ဘာကြီးအတွက် အလှဆင်နေကြတုန်းပါပဲ။ ဒီရသပန်းကလေးတွေ ပျောက်ကွယ်မသွားအောင် ကျွန်မတို့ ခွန်အားရှိသမျှ မြေတောင်မြှောက်ရေလောင်း ပေါင်းသင်နေရဦး မှာပါပဲ။

တိုးတက်ကြီးပွားဖို့ တစိုက်မတ်မတ် ကြိုးစားရင်း အမောဆို့၊ ခြေကုန်လက်ပန်းကျတဲ့ အချိန်မှာ လူသားများအတွက် မြက်ခင်းထဲက ပန်းကလေးတွေဟာ စိတ်ဖြေလျှော့စေရင်းနဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစတဲ့ ဗြဟ္မစိုရ်တရားတွေ ပွားများပြီး စိတ်ချမ်းသာမှုကို ကူညီဖန်တီးပေး နိုင်ဖို့ ငြိမ်သက်တိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြတယ်ဆိုတာ အားလုံးသိအောင် ပြောပြချင်ပါတယ် ရှင်. .. .

**ယဉ်ယဉ်နု (မန္တလေး)**

*



# လက်ခုပ်သံများ

စာကလေးတစ်စောင်ကို ကိုင်၍ အဝေးပြေးကားပေါ်မှ ဆင်းလာသော မောင်ဦးအတွက် အစစအရာရာသည် အသစ်အဆန်း ဖြစ်နေသည်။ မောင်ဦးတို့ အောက်အရပ်ဒေသတွင် အစဉ်အမြဲ စိမ်းစိုနေသော ရှုခင်းများကိုသာ တွေ့ရှိသော်လည်း အဝေးပြေးကားဂိတ်ဆုံးရာ အညာမြို့ကြီး၏ ရှုခင်းများက ခြောက်သွေ့ဖြူရော်လွန်းသည်။ ကြောင်တက်တက်နှင့် ရပ်နေသော မောင်ဦးကို စပယ်ယာက ...

"ဟိုဘက်တစ်လမ်းကျော်၊ နှစ်လမ်းလောက် လျှောက်လိုက်ရင် မင်းသွားချင်တဲ့ အထက်တန်းကျောင်းကြီးကို ဘွားခနဲ တွေ့ရလိမ့်မယ်။ ဒါပေမယ့် ယောင်တောင်တောင်နဲ့ ကျော်မသွားနဲ့နော်၊ ကျောင်းရဲ့နောက်ဘက် ခြံစည်းရိုးနဲ့ မလှမ်းမကမ်းမှာ သင်္ချိုင်းရှိတယ် မောင်"

ဟု နောက်တောက်တောက် ပြောလိုက်သေးသည်။

မောင်ဦး သည် မြို့စွန်နားတွင် စိန်ပန်းပင်၊ ထနောင်းပင်၊ ကုက္ကိုပင်များနှင့် ခြံရံလျက်ရှိသော ကျောင်းကြီးကို အလွယ်တကူ ရှာတွေ့ခဲ့ပါသည်။ ကျောင်းဝင်းထဲသို့ ထိတ်ထိတ်ခုန်နေသောရင်နှင့် တစ်လှမ်းချင်း လှမ်းဝင်လာသော မောင်ဦးကို အဝင်ဝ ဂိတ်တဲထဲမှ အသက်ငါးဆယ်ကျော်ခန့် ခေါင်းဖြူဖြူ လူကြီးတစ်ဦးက မျက်မှောင်ကုတ်၍ စောင့်ကြည့်နေသည်။ ဝင်းထဲသို့ တစ်လှမ်း နှစ်လှမ်း ဝင်မိသောအခါ ပျာယာပျာယာဖြင့် ဂိတ်တဲထဲမှ ထွက် လာပြီး...

"ဟေ့ သူငယ်၊ ဘယ်သွားမလို့လဲ"

ဟု လှမ်းဟန့်တားသည်။ လူကြီးထံမှ ချဉ်စုတ်စုတ်အနံ့ကို မောင်ဦး မလိုလားစွာ ရရှိလိုက်သည်။ ရင်ထဲမှာ ထိတ်ခနဲ ခုန်သွားပြီး မလိုတမာ တွေးလိုက်မိသည်။ အရက်နှင့် အရက်ကြောင့် မောင်ဦး ဒီခရီးကို လာခဲ့ရတာ ၊

"မပြောချင်ဘူး၊ သတိမရချင်ဘူး။ တောက်"

“ကျောင်းအုပ်ကြီး ဦးတင်ဖေနဲ့ တွေ့ချင်လို့ပါ၊ ကျွန်တော်က သူ့တူ အရင်းပါ”

ချဉ်စုတ်စုတ် အဘိုးကြီးက ခြေစုံရပ်နေသော မောင်ဦးကို ခြေဆုံး ခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့်သည်။

ပြီးမှ....

“လာ.... ငါနဲ့ လိုက်ခဲ့”

ဟု ရှေ့ဆောင်ခေါ်သွားလေသည်။ ကျောင်းဆောင်များကို ကွေ့ပတ်၍ ကျောင်းအနောက်ဘက်ရှိ တစ်ထပ်တိုက်အိမ်ကလေးကို မောင်ဦးတို့ ရောက်ရှိသွားသည်။ ဖြူဖြူဝဝခံ့ခံ့၊ စွပ်ကျယ်လက်စကကို ဝတ်ဆင်ထားသော ကျောင်းအုပ်ကြီးကို ပက်လက်ကုလားထိုင် ပေါ်၌ အဆင်သင့် တွေ့ရသည်။

“ဆရာကြီး၊ ဧည့်သည်ပါလာပါတယ်။ ဆရာကြီးတူလို့ ပြောပါတယ်”

အဘိုးကြီး စကားအဆုံးတွင် ကျောင်းအုပ်ကြီးက မျက်မှန်ပေါ်မှ ကျော်၍ မျက်ခုံးရှုံ့ ကြည့်သည်။ လိုလားနှစ်ခြိုက်ပုံမပြ။ လှိုက်လှဲပျူငှာမရှိဘဲ ဝတ်ကျေတမ်းကျေ ပုံစံဖြင့် ...

“မင်း ဘယ်ကလာတာလဲ၊ ရန်ကုန်ကလား၊ မင်း မြဖေရဲ့ သားလား”

ကျောင်းအုပ်ကြီး၏ မေးခွန်းပေါင်းများစွာကို မောင်ဦးက ‘ဟုတ်ကဲ့’ တစ်လုံးဖြင့် ခြုံငုံဖြေဆိုလိုက်သည်။ ဖေဖေ ပေးလိုက်သည့် စာကို ကျောင်းအုပ်ကြီးလက်ထဲ ထည့်လိုက်တော့ သွက်သွက်မြန်မြန် ဖတ်အပြီးတွင်.....

“အင်း... .. လွယ်လိုက်ကြတာ၊ အရက်မသောက်ပါနဲ့ တားတော့ သောက်တယ်။ ဘာဖြစ်သေးလဲ။ ခုတော့ ရောဂါရပြီး သေတော့မယ်လုပ်မှ အစ်ကိုကို သတိရတယ်။ တူဆိုတာ အခုမှ မြင်ဖူးတယ်။ ဘာတွေလဲ၊ ဒီလို ငါ့ခေါင်းပေါ်ကို စာတစ်စောင်နဲ့ ပစ်ချလို့ရမလား”

သူ့ဘာသာသူ တစ်ယောက်တည်း ရေရွတ်နေသော ကျောင်းအုပ်ကြီးကို မောင်ဦး ဘာမှမပြောရဲပါ။ ပတ်ဝန်းကျင်သည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ ကျောင်းအုပ်ကြီးက...

"အဘမြိုင်အိမ်ကို ပို့လိုက်ပေါ့"

ခပ်စူးစူး၊ ခပ်အစ်အစ် အသံတစ်သံ မီးဖိုထဲက ထွက်လာသည်။ "ကြည့်ရတာ ဆရာကြီးကတော် ထင်ပါရဲ့" ဟု မောင်ဦး တွေးသည်။ မျက်နှာတင်းတင်း၊ ကုပ်သားအစ်အစ်၊ လက်မောင်းဝတုတ်တုတ်၊ အချိုးအဆစ်က ဝက်တစ်ကောင်နှင့်တူသော မိန်းမကြီးကို မောင်ဦး သူ့အဒေါ်ဟု မည်သို့မျှ ခံစား ၍မရ။ ကုန်ကုန်ပြောရလျှင် အဖေ၏ အစ်ကိုပါ ဆိုသော ကျောင်းအုပ်ကြီးကိုလည်း ဦးလေး၊ ဘကြီး သွေးသားအရင်းဟု ခံစား၍ မရချေ။

"ဟုတ်ကဲ့၊ လူလေးကို ကျွန်တော် ခေါ်ထားလိုက်ပါ့မယ်။ လာဟေ့ သွားမယ်"

အဘမြိုင်က ပြောပြောဆိုဆို လှည့်ထွက်သွားသဖြင့် မောင်ဦး နောက်က ကုပ်ကုပ် ကလေးလိုက်ခဲ့ရသည်။ အဘမြိုင်၏ အိမ်ခန်းကလေးသည် တဲသာသာ ဖြစ်သော်လည်း ဝါးကွပ်ပျစ်၊ ဝါးကုလားထိုင်လေးများနှင့် စိမ်းစိုနေသည်။ ကျောင်းအနောက်မြောက်ထောင့်တွင်ရှိ၍ တဲမှ လှမ်းကြည့်လိုက်လျှင် အုပ်ဆိုင်း မှိုင်းမှိုင်းညို့နေသော သစ်ပင်ကြီးများနှင့် သုသာန်ကို ချောက်ချားစဖွယ် လှမ်းမြင်နေရသည်။

"ဟေ့ကောင်၊ သင်္ချိုင်းကို လှမ်းလှမ်းကြည့်မနေနဲ့ကွ၊ လူသေက မညစ်ပတ်ဘူး၊ မယုတ်မာဘူးကွ၊ ကိုယ့်ကိုလည်း ဘာမှ မလုပ်နိုင်ဘူးကွ"

မောင်ဦးကို အဘမြိုင်က ခဏခဏပြောသဖြင့် မောင်ဦး ထိုဘက်ဆီသို့ သိပ်မကြည့်မိတော့ချေ။

ကျောင်းဖွင့်ချိန်မို့ မောင်ဦး ခုနှစ်တန်း စတက်ရသည်။ မောင်ဦး၏

ဘကြီးအရင်း ဦးတင်ဖေက တစ်နေ့နေ၍ စကားတစ်ခွန်းမပြောသည့်တိုင် မောင်ဦး၏ ကြီးတော် ဒေါ်မာမာမြင့်က မောင်ဦးကို တစ်နေ့တစ်နေ့ စကားတွေ အများကြီး ပြောတတ်သည်။

"မောင်ဦး လာခဲ့၊ သောက်ရေအိုး ရေဖြည့်ပေးစမ်း"

"မောင်ဦး ရေချိုးရင်းနဲ့ နင့်ဘကြီး ကျောင်းပုဆိုး လျှော်လိုက်ဦး၊ ပြီးရင် တန်းပေါ်မှာ ဖြစ်သလို ပစ်မတင်နဲ့နော်။ စန့်စန့်ရန့်ရန့် ဖြန့်လှန်း"

"မောင်ဦး ထမင်းအိုးဆူနေတာ မသိရအောင် ဘယ်သွားနေတာလဲ၊ စိတ်က အာရုံမစိုက်ဘူး"

သည်အရာများမှာ ကျောင်းတက်နေသည့် မောင်ဦး၏ နေ့စဉ်အလုပ်များ ဖြစ်သည်။ ထမင်းကျတော့ အဘမြိုင်နှင့် အတူ စားရသည်။ ကျောင်းပိတ်ရက်တွေမှာတော့ မောင်ဦးအတွက် အထူးအစီအစဉ်တွေက အဆင်သင့် စောင့်ကြိုနေလေသည်။

"မောင်ဦး အဲဒီ ထင်းခွဲခြမ်းတွေကို အရွယ်တော် ပေါက်ပေးစမ်း၊ ဒီစနေနေ့ ပြီးအောင် ပေါက်ရမယ်နော်"

ထင်းခွဲခြမ်း အပုံကြီးက မောင်ဦး ခါးစောင်းလောက် ရှိလေသည်။ ဓားမတစ်ချောင်းနှင့် မောင်ဦး ထင်းပေါက်နေစဉ် လက်တွေက အကျင့်မရှိ၍ နာကျင် ပေါက်ပြဲစပြုလာသည်။ ထိုစဉ်တွင် မောင်ဦး ရနေကျ ချဉ်စုတ်စုတ်နံ့ကို ရလိုက်သည်။ အဘမြိုင် လိုက်လာပြီ။

"လူလေး သွားသွား၊ ရေချိုးချေတော့၊ အဘမြိုင် ပေါက်ထားလိုက် မယ်"

မီးဖိုဝက ကိုယ်တစ်ခြမ်း ပေါ်လာသည့် ဒေါ်မာမာမြင့်က-

"ဒီနေ့ အပြီးနော်"

ဟု အော်လိုက်တော့ အဘမြိုင်က ခပ်ပြုံးပြုံးဖြင့် ...

“စိတ်ချစမ်းပါ ဆရာကတော်ရယ်၊ ညနေကျရင် တစ်ပိုင်း”

ဟု ပြန်ပြောလျှင် ‘သေခြင်းဆိုးကြီး’ ဆိုသည့် ဒေါ်မာမာမြင့် အသံကို ကြားလိုက်ရသည်။

ကျောင်းပိတ်ရက်တွေကို မောင်ဦး တဖြည်းဖြည်း ကြောက်လာသည်။ စတိုခန်းရှင်းရန်၊ ရေချိုးကန်ဆေးရန်၊ ထင်းခွဲရန်၊ စိုက်ထားသည့် ပျိုးပင်တွေ ရေလောင်းရန်ဆိုသည့် အစီအစဉ်အသစ်တွေက စောင့်ကြိုနေရာ မောင်ဦး စိတ်ညစ်လာသည်။

“ဟေ့ကောင် မောင်ဦး၊ ငါတို့ တနင်္ဂနွေနေ့မှာ စမ်းအိုင်ကို သွားပြီးငါးပက်ကြမလို့ကွ၊ မင်း လိုက်မလား”

တစ်ရက်သော သောကြာနေ့တွင် ကိုးတန်းကျောင်းသားကြီးတွေက မောင်ဦးကို အဖော်စပ်ရာ မောင်ဦး အရမ်းပျော်သွားသည်။ စနေနေ့ ဒေါ်မာမာမြင့်ခိုင်းသော အလုပ်တွေကို အကုန်လုပ်ပြီး တနင်္ဂနွေနေ့တွင် စမ်းအိုင်ကို ကျောင်းသားကြီး လေးငါးခြောက်ယောက်နှင့် ထွက်ခဲ့သည်။

“ဟာ ....ရေက ထင်သလောက် မခန်းသေးပါလားကွာ”

“လူများသားပဲကွ”

“အေးကွာ၊ ရောက်ပြီးမှတော့ လှည့်မပြန်ဘူး”

လူငယ်ပီပီ နောက်မဆုတ်ဘဲ စမ်းအိုင်ထဲရှိ ရေစပ်စပ်ကို ခန္တဲများဖြင့် ရေပက်ကြသည်။ ရွံ့တွေပေါ်လာသည့်အထိ နေမွန်းတည့်အပူချိန်ကို ခေါင်းပေါ်တင်ပြီး လုပ်ကြရာ မောင်ဦးတို့ အားလုံး မဲခြောက်နေကြသည်။ ရွံ့ထဲမှာ တလူးလူးပေါ်လာသည့် ငါးများကို သစ်ပင်ရင်းမှာ ကင်ကြသည်။ ကိုးတန်းကျောင်းသားကြီး ထုတ်လိုက်သည့် လွယ်အိတ်ထဲမှ ရေသန့်ဘူးကို မြင်သောအခါ မောင်ဦး မျက်လုံးပြူးသွားသည်။

"မင်း ချမယ် မဟုတ်လား"

"ဟင့်အင်း၊ ကျွန်တော် မလုပ်ဘူး"

"အာ ၊ မင်း အခြောက်ပဲ"

"မဟုတ်ဘူး၊ ကျွန်တော့်အဖေ အရက်ကြောင့် ဆေးရုံမှာ လဲနေတယ်။ စာရေးပြီး ဘကြီးဆီ ပို့လိုက်တော့ ဒီကို ရောက်နေတာ ကျွန်တော် လုံးလုံး မပျော်ဘူး။ သေသွားတဲ့ အမေ့ကိုလည်း သတိရတယ်။ အဖေ့ကိုလည်း လွမ်းတယ်"

"မင်း လွမ်းချင်လွမ်း၊ မလွမ်းချင်နေ၊ ငါတို့ကတော့ ချမှာပဲ"

ထိုနေ့ ညနေက ခြောက်နာရီထိုးမှ အဘမြိုင်ဆီကို ပြန်ရောက်သည်။ ညကျတော့ အပူရှပ်ပြီး လူမှန်းသူမှန်းမသိအောင် မောင်ဦး ဖျားတော့သည်။ တနင်္လာနေ့ ခေါင်းမထူနိုင်သေး။ အင်္ဂါနေ့ အဖျားကျတော့ အရေးအခင်းကြီးတစ်ခုက မောင်ဦးကို ဆီးကြိုနေသည်။ တင်းမာသော မျက်နှာထားနှင့် ကျောင်းအုပ်ကြီး ဦးတင်ဖေကို ရုံးခန်းထဲ ဝင်တွေ့ရသောအချိန်တွင် တန်းစီ ခေါင်းငုံ့ရပ်နေကြသော ကိုးတန်းကျောင်းသားကြီးများကိုပါ မောင်ဦး အလန့်တကြား တွေ့လိုက်ရသည်။

"ကျောင်းသားတွေ အားလုံး နားထောင်ပါ၊ ကျောင်းချိန်ပြင်ပမှာလည်း ကျောင်းသားက ကျောင်းသားပဲ။ တနင်္ဂနွေနေ့က စမ်းအိုင်သွားပြီး ငါးပက်၊ အရက်သောက်ကြတဲ့ သူတွေအားလုံး ကနေ့ကစပြီး ကျောင်းထုတ်ပစ်လိုက်ပြီ၊ တောင်းပန်ဖို့ ဆင်ခြေတက်ဖို့ မကြိုးစားကြနဲ့"

အားလုံး ခေါင်းငုံ့ပြန်ထွက်လာကြသည့်အထဲမှာ မောင်ဦးက အဆိုးဆုံး ဖြစ်ပေလိမ့်မည်။ စာတစ်စောင်နှင့် ရောက်လာပြီး ဦးတင်ဖေ အရိပ်ခိုခဲ့ရာ ကျောင်းထုတ်လိုက်ပြီဆိုသဖြင့် ဘယ်ကို သွားရမှာပါနည်း။ ညနေစောင်း ဟိုလျှောက်သည်လျှောက်လုပ်နေစဉ် အဘမြိုင် ကုပ်ကုပ်ကုပ်ကုပ်နှင့် ဆရာကြီး ဦးတင်ဖေအိမ်ထဲ ဝင်သွားသည်ကို တွေ့လိုက်ရသည်။ မောင်ဦး ထင်းပုံနားမှ အမှတ်တမဲ့ ထိုင်ပြီး ဆရာကြီး ပြတင်းပေါက်က ထွက်လာသည့် စကားသံတွေကို

နားထောင်ခဲ့မိသည်။

“တခြား ကလေးတွေက ဒီမြို့မှာ မိဘဆွေမျိုးတွေ ရှိတယ်လေ ဆရာကြီး၊ အကြောင်းမဟုတ်ဘူး။ မောင်ဦးက ဆရာကြီးအားကိုးနဲ့ ရောက်လာတာ၊ ကျောင်းထုတ်တာ ပြန်စဉ်းစားပါဦး”

“ဘာမှ စဉ်းစားစရာမလိုဘူး အဘမြိုင်၊ မြဖေဆိုတာ ဘယ်တုန်းကမှ မိသားစုကို ကောင်းကျိုးပေးခဲ့တာ မဟုတ်ဘူး၊ ကျုပ်ဘာသာကျုပ် ကြိုးစားပြီး ဒီနေရာရလာတာ၊ အခု သေခါနီး မှ လာပို့တဲ့ တူဆိုတာကို တာဝန်ယူစရာမလိုဘူး၊ ကျောင်းထုတ်လိုက်ပြီ၊ ကျောင်းထဲမှာ မထားတော့ဘူး။ ခင်ဗျားလည်း နှင်ထုတ်လိုက်”

“ကျုပ် မနှင်ထုတ်နိုင်ဘူး။ ကလေး ပျက်စီးသွားလိမ့်မယ်”

“ဒါတော့ သဘောပဲ၊ ကျောင်းနဲ့ မပတ်သက်တဲ့သူ ကျောင်းထဲမှာ နေခွင့် မရှိဘူး”

ဆက်နားမထောင်ချင်တော့၍ မောင်ဦး ထထွက်လာခဲ့သည်။ နောက် တစ်နေ့တွင် အဘမြိုင်က မောင်ဦးကို ခေါ်ပြီး ရှမ်းပြည်နယ်၊ ပင်လောင်းမြို့သို့ ခရီးထွက်ခဲ့သည်။ ဘကြီးဖြစ်သူကိုပင် မောင်ဦး နှုတ်မဆက်နိုင်ခဲ့ပါ။ ပင်လောင်းကို ရောက်လျှင် အဘမြိုင်က သူ့နှမဖြစ်သူ အလယ်တန်းပြဆရာမ ဒေါ်သင်းသင်းထံ အပ်နှံခဲ့ပြီး သူ့အလုပ်ရှိရာသို့ ပြန်သွားခဲ့သည်။ မျက်စိသူငယ်၊ နားသူငယ်နှင့် မောင်ဦးခမျာ အညာမှ ရှမ်းပြည်နယ်သို့ မထင်မှတ်ဘဲ ရောက်ခဲ့ပြန်သည်။ ဆရာမက မောင်ဦးကို သားအရင်းတစ်ယောက်ကဲ့သို့ ပြုစုဂရုစိုက်သည်။ မောင်ဦး၏ ကျောင်းစရိတ်၊ မုန့်ဖိုး၊ စာအုပ်ဖိုး၊ အဝတ်အစားဖိုး ၊စားသောက်စရိတ် ဘာကိုမှ အတွန့်တိုဘဲ သားအရင်း၊ တူအရင်း တစ်ယောက်နှယ် အကုန်အကျခံခဲ့သည်။ ဆွေမျိုးဆိုသည်ကို မောင်ဦး တွေ့ဖူးပါသည်။ သူစိမ်းတွေက ဆွေမျိုးထက် ကောင်းနေကြသောအခါ နားမလည်နိုင် ဖြစ်ခဲ့ရသည်။ ခုနှစ်တန်း၊ ရှစ်တန်း၊

ကိုးတန်း အောင်ပြီးသောအခါ-

“မောင်ဦး မြန်မြန်လာ၊ ဧည့်သည် ရောက်နေတယ်”

“ဘယ်သူပါလိမ့်”

“အဖေ ပါကွာ”

မြင်လိုက်ရသည့် မြင်ကွင်းကို မောင်ဦး အံ့သြလွန်းသဖြင့် အဖေ့ကို ကြောင်ကြည့်နေသည်။ မကျန်းမာ၍ ဆေးရုံတွင် သေလုနီးနီး အဖေက အခု ကျန်းမာဝဖြိုးပြီး မိန်းမတစ်ဦးကလည်း အဖေနှင့်အတူ ပါလာသည်။

“ကျွန်တော် အစ်ကို့ဆီကိုလည်း ရောက်ခဲ့ပါပြီ။ အဘမြိုင်က ဒီကို လွှတ်လိုက်လို့ပါ။ ကျွန်တော် အရက်လည်း ပြတ်သွားပြီ။ ဒီညီမလေး ကျေးဇူးတွေပေါ့၊ ကျွန်တော်တို့ လက်ထပ်ပြီးကြလို့ သားကြီးကို လာခေါ်တာပါ။ အစစအရာရာ စောင့်ရှောက်ထားလို့ သားကြီး တော်ရာလျော်ရာ မရောက်ဘဲ ကျောင်းသားဖြစ်ပြီး ပညာသင်နိုင်တာ အဘမြိုင်တို့၊ ဆရာမတို့ ကျေးဇူးပါ”

ဆရာမ မျက်ရည်ကျပြီး မောင်ဦးလည်း ရင်ထဲ ဆို့နင့်လာသည်။ သို့သော် အဖေနှင့်အတူ နေချင်သည်လေ။ အဖေနှင့်ရန်ကုန်ကို ပြန်လိုက်ပြီး ဆယ်တန်းအောင်၊ တက္ကသိုလ်တက်ကာ မောင်ဦး ကွန်ပျူတာပညာရှင် တစ်ယောက် ဖြစ်လာခဲ့သည်။

သတင်းစာထဲမှာ အညာက ဆရာကြီး ဦးတင်ဖေ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အထက်တန်းကျောင်း ရွှေရတုပွဲ လုပ်မည်ဖြစ်သဖြင့် ကျောင်းသားဟောင်းများ ဖိတ်ခေါ်သည့် ကြော်ငြာကို တွေ့ရာ မောင်ဦး ပြုံးမိသည်။ သည်ပွဲကို မောင်ဦး မဖြစ်ဖြစ်အောင်သွားရန် ဆုံးဖြတ်လိုက်သည်။ သည်တစ်ခါ အဝေးပြေးကားပေါ်က ဆင်းလိုက်လျှင် ဟိုတစ်ခါကလို ယောင်အအ မောင်ဦး မဟုတ်တော့ပါ။ ရွှေရတုပွဲနေ့တွင် သားသားနားနား ပွဲတက်လာသော မောင်ဦးကို သိသူ မည်သူမျှ မရှိပါ။

"တစ်ဆိတ်ခင်ဗျာ၊ အဘမြိုင် ဘယ်ပြောင်းသွားလဲ၊ ကျွန်တော့်ကို လိပ်စာလေး တစ်ဆိတ်လောက်"

အမေးခံရသူက မောင်ဦးကို စူးစူးစိုက်စိုက် ပြန်ကြည့်သည်။

"သူငယ်ချင်းက အဝေးက လာတာလား"

"ဟုတ်ပါတယ်။ ကျွန်တော် ရန်ကုန်ကပါ"

"အဘမြိုင် ဆုံးသွားတာ နှစ်နှစ်လောက်ရှိပြီ။ သူ့ညီမ ပင်လောင်းက ကျောင်းဆရာမတွေ လာသင်္ဂြိုဟ်ပြီး အုတ်ဂူသွင်းထားတယ်။ မဝေးပါဘူး ကျောင်းနောက်ဖေးတင် နီးနီးလေးရယ်"

ထိုစဉ် ကျောင်းခန်းမအတွင်းမှ အသံချဲ့စက် အော်သံ ကြားလိုက်သည်။

"ကျောင်းသူ၊ ကျောင်းသားဟောင်းများ ခင်ဗျာ၊ ယခုချိန်ကစပြီး ကျောင်းအုပ်ကြီးအဖြစ် နှစ်ရှည်လများ ဆောင်ရွက်သွားတဲ့ ဆရာကြီး ဦးတင်ဖေကို ဂုဏ်ပြုမယ့် အစီအစဉ် ဖြစ်ပါတယ်။ အားလုံး ကျောင်းခန်းမထဲကို ကြွခဲ့ကြပါ ခင်ဗျာ"

"ဟော.... ကိုယ် သွားတော့မယ်"

ကျောင်းသားဟောင်းက ခန်းမဘက်သို့ ထွက်သွားလျှင် မောင်ဦးက ဆန့်ကျင်ဘက်ဖြစ်သည့် ကျောင်းနောက်ဖေး ခြံစည်းရိုးကို ဖြတ်၍ သင်္ချိုင်းထဲသို့ ဝင်လာခဲ့လေသည်။ အဘမြိုင်၏ အုတ်ဂူကို အလွယ်တကူပင် ရှာတွေ့သည်။ မောင်ဦး အုတ်ဂူဘေးတွင် ဒူးထောက်၍ ထိုင်လိုက်သည်။ အုတ်ဂူကို သက်ရှိလူတစ်ယောက်ပမာ ကိုင်တွယ်ကြည့်ရင်း မောင်ဦး မျက်ရည် တပေါက်ပေါက်ကျလာသည်။ တဖြည်းဖြည်း ရှိုက်ငင်လာပြီး ရှိုက်ကြီးတငင် အားရပါးရ ငိုမိသည်။ ထိုအချိန်တွင် ကျောင်းဘက်မှ ကျယ်လောင်သော လက်ခုပ်သံများကို မောင်ဦး ကြားလိုက်ရသည်။ လက်ခုပ်သံတွေက မစဲနိုင်။

ဆရာကြီး ဦးတင်ဖေကို ချီးမွမ်းဂုဏ်ပြုသည့် လက်ခုပ်သံများ ဖြစ်ကြသည်။ ထိုလက်ခုပ်သံများကို အဘမြိုင် ကြား၊ မကြား မောင်ဦး မသိနိုင်ပါ။ သို့သော် ဂူဘေးမှာ ရှိုက်ကြီးတငင် ငိုနေသည့် မောင်ဦး၏ ရှိုက်သံကိုတော့ တမလွန်က အဘမြိုင် ကြားနိုင်မှာ သေချာနေပါတော့သည်။

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း**
**၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ**

*



စုလှိုင် တဖွဲဖွဲရွာနေတဲ့ မိုးရေတွေကို ငေးရင်း စိတ်ပျက်လက်ပျက် ဖြစ်နေမိသည်။ မိုးတစွတ်စွတ်ရွာနေသော ဒီလိုညမျိုးတွေကို စုလှိုင် မုန်းသည်။ တာဝန်ချိန်က ည ကိုးနာရီထိုးမှ ပြီးမည်မို့ နာရီကို လှမ်းကြည့်လိုက်တော့ ရှစ်နာရီကျော်ကျော်လေးတင် ရှိသေးတာမို့ လိမ်တွန့်ပျင်းရိစွာ အညောင်းဆန့်လိုက်မိသည်။ သူတို့အဖွဲ့ခေါင်းဆောင် ကိုရေခဲကတော့ တစ်ဖက်စားပွဲမှာ အအေးတစ်ပုလင်းနှင့် ငြိမ့်နေသည်။ တစ်စားပွဲတည်း မျက်နှာချင်းဆိုင်ထိုင်နေသော လွင်လွင်နှင့် သက်မာကို ကြည့်ရတာ လည်း အိမ်ပြန်ချင်နေသည့်ပုံနှင့် ငြီးငွေ့ပင်ပန်းစွာ။ ဒါပေမဲ့ မတတ်နိုင်၊ ကိုယ် ရွေးချယ်ခဲ့သည့် လုပ်ငန်းပေပဲ။

ယောကျ်ားသားတွေ အများအပြား ဖွာရှိုက်ကြသည့် စုလှိုင်တို့ ကုမ္ပဏီပိုင်ပစ္စည်းကို လူစည်ကားရာ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ ရောင်းအားမြှင့်တင်ရေး ဝန်ထမ်းဘဝနှင့် စုလှိုင် လုပ်သက်ကြာခဲ့ပြီ။ ကနေ့ စားသောက်ဆိုင်ထဲအရောက် မိုးကသည်းလာ၍ ဘယ်လိုမှ ထပ်သွားစရာ မလိုတော့။ အနေအေးလွန်း၍ စုလှိုင်တို့က နာမည်ပြောင် ကိုရေခဲဟုခေါ်သည့် အဖွဲ့ခေါင်းဆောင် ဆရာကလည်း ကုမ္ပဏီက လာကြိုမည့်ကားကို ဖုန်းဆက် ခေါ်ပြီးပြီ။ စုလှိုင် ငေးငေးငိုင်ငိုင်နှင့် မိုးရေတွေ မှန်ပြတင်းအပြင်ဘက်ကနေ စီးကျနေတာ ငေးကြည့်ရင်း ကိုးနာရီထိုးရန် စိတ်စောစောင့်မျှော်နေဆဲ။

"မိန်းမရေ၊ မင်း မောင့်ကို မချစ်ပါဘူးကွာ"

ဟု အသံပြဲကြီးနှင့် တစ်ဖက်ထောင့်စားပွဲက လှမ်းအော်လိုက်သံကြားတော့ စုလှိုင် အလန့်တကြား လှည့်ကြည့်မိလိုက်သည်။ တစ်ဆက်တည်းမှာလည်း နှာခေါင်းလေးကို ရှုံ့လိုက်မိသည်။ စားပွဲမှာတော့ ဝရန်းသုန်းကားဖြစ်နေပြီ။ အရက်အမူးလွန်နေသည့် အရက်သမားတစ်ယောက်က

ခေါင်းတယမ်းယမ်းနှင့် အော်ဟစ်နေသည်။ ကျန်သည့် အပေါင်းအသင်း လေးငါးယောက်ကလည်း မျက်နှာနီနီ ထူအန်းအန်းတွေနှင့်၊ မူးယစ်သံတွေနှင့် နှစ်သိမ့်ဖို့ ကြိုးစားနေကြတာကို စိတ်ပျက်စရာ တွေ့နေရသည်။ ဒါပေမဲ့ လူကျဲပါးနေသည့် စားသောက်ဆိုင်ထဲမှာ စုလှိုင်တို့လေးယောက်နှင့် ဒီဝိုင်းတစ်ဝိုင်းတည်းရှိတော့ အော်သံဟစ်သံတွေက မကြားချင်မှအဆုံး။

“မင်းတို့ ဘာသိလဲ။ မင်းတို့ ဘာသိလဲ။ ငါ့မိန်းမက ငါ့ကို မချစ်ဘူးကွ။ ဂရုလည်း မစိုက်ဘူး”

“ဟုတ်ပါဘူးကွာ။ ငါတို့ သိသလောက်တော့ မအေးဟာ အိမ်ထောင်တာဝန်လည်း ကျေပါတယ်”

“ဘာကျေတာလဲ။ ဘာမှ မကျေဘူး။ ဒီမှာ ဟေ့ကောင်၊ မိန်းမတစ်ယောက်ဟာ ထမင်းချက်တတ်ရုံနဲ့ မပြီးဘူးကွ။ ယောကျ်ား ဘာကြိုက်တတ်လဲ သိရမယ်။ ဘာမှ အသုံးမကျဘူး။ ငါ ဘာကြိုက်လဲ မသိဘူး။ မိန်းမရေ၊ မင်း ငါ့ကို မချစ်ပါဘူးကွာ”

မိုးသည်းလို့ စိတ်ပျက်နေတဲ့ စုလှိုင်တော့ သေသာသေချင်တော့တာပဲ။ ဘယ်မှလည်း ထသွားလို့မရတော့ အရက်မူးသမား စကားတွေ၊ ဗလုံးဗထွေး အော်ဟစ်နေကြတာတွေ သည်းခံပြီး နားထောင်နေရသည်။ ဆရာ ကိုရေခဲက လည်း အအေးပင် မသောက်နိုင်ဘဲ ငေးကြည့်နေတာကို လွင်လွင်နှင့် သက်မာတို့က လက်တို့ပြပြီး ရယ်နေကြသည်။

“မိန်းမ၊ မင်း မောင့်ကို မချစ်ပါဘူးကွာ”

အရက်သမားထုံးစံ ထပ်တလဲလဲ အော်နေတာ စုလှိုင် အတော်နားငြီးလာစဉ် သူ့လိုပဲ နားငြီးလာပုံရသော အရက်ဝိုင်းက သိပ်မူးသေးပုံမရသည့် လူတစ်ယောက်က ထလာပြီး စုလှိုင်တို့ဆီ တည့်တည့်ကြီး လျှောက်လာသည်။ လွင်လွင်က ဖျက်လက်နိုးကြားစွာ ကုန်ပစ္စည်းဂျပ်သေတ္တာကို

ဖွင့်ပြီး ကုန်ပစ္စည်း တစ်ခုကို နှိုက်ယူရင်း-

“ကျွန်မတို့ ကုန်ပစ္စည်းကို အသုံးပြုပါရှင်”

ဆိုပြီး လက်ထဲကို ထိုးထည့်ပေးလိုက်သည်။ ထိုသူက လိုက်လိုက်လျောလျောနှင့် …

“ကံစမ်းမဲ ပါသလား ညီမ”

“ပါ ပါတယ်ရှင်၊ ဒီမှာ ဦးထုပ်နဲ့ တီရှပ်ပါ”

အလုပ်ကိစ္စဆိုတော့ စုလှိုင် မပျင်းတော့။ ဖျက်ခနဲ ထရပ်မိချိန်မှာ တစ်ဖက်စားပွဲက ကိုရေခဲလည်း ထလာသည်။ ထိုသူက အရက်ဝိုင်းဘက်သို့ လှည့်၍ -

“ဟေ့…. ကိုလတ်။ ဒီမှာ ငါ စိတ်ကူးတစ်ခုရလို့ ဒီကိုလာဟေ့”

ဟု လှမ်းခေါ်သည်။

“ဘာလဲကွ၊ ဘာလဲ” ဟု မေးသံ၊ ဒယီးဒယိုင် လျှောက်လာသော ခြေလှမ်းများနှင့် တစ်ပါတည်း ပါလာသော ချဥ်စူးစူးအနံ့ကြောင့် စုလှိုင် မသက်မသာ ဖြစ်နေစဉ် အရက်သမားက အနားရောက်လာသည်။ အမယ်လေး သူ့နောက်မှာ တစ်ဝိုင်းလုံး ထလာကြသည်။

“ဒီကုန်ပစ္စည်းကို ဝယ်ရင် ကံစမ်းမဲ နှိုက်ရမှာ။ တီရှပ်နဲ့ ဦးထုပ်ရမှာတဲ့ကွ”

“ဘာလဲ ဦးထုပ် ဟုတ်လား။ ဦးထုပ် ၊ ဦးထုပ် ဆိုရင် ငါ့သားက သိပ်ကြိုက်တာကွ”

“အေး… မင်း နှိုက်”

“ဟင် … ဘာလို့နှိုက်ရမှာလဲ”

“ဒီလိုလေ ငါတို့လည်း နားငြီးလှပြီ။ ဦးထုပ်ပေါက်ရင် မင်းသားက မင်းကို ချစ်လို့။ တီရှပ်ပေါက်ရင် မအေးက မင်းကို ချစ်လို့”

“မချစ်ဘူး။ မချစ်ဘူး။ အေးက ငါ့ကို မချစ်ဘူး”

အရက်သမားက မမျှော်လင့်ဘဲ ဟီးတိုက်ငိုချလိုက်လို့ သူတို့အုပ်စု တစ်ခုလုံး အလုပ်ရှုပ်သွားကြသည်။ စုလှိုင်ခမျာ စိတ်ညစ်လှပြီ။ စားသောက်ဆိုင်နံရံက နာရီကို လှမ်းကြည့်မိတော့ ကိုးနာရီထိုးတော့မှာမို့ တီရှပ်က တစ်မဲတည်းပါ၍ ပေါက်ရန အလွန်ခက်ခဲတာ သတိရမိသည်။ စိတ်ချဉ်ချဉ်ရှိသည်နှင့် ဒီအရက်သမားကြီး မပေါက်ပါစေနဲ့တော်ဟု စိတ်ထဲက ဆုတောင်းမိသည်။

“နှိုက် .... နှိုက်”

ဆိုသည့် အသံတွေ ပြန်ပေါ်လာပြီး အရက်သမားက ကြံ့ရာမဲလိပ်တစ်လိပ်ကို နှိုက်ပြီး အနီးဆုံး စုလှိုင် လက်ထဲကို ထည့်လိုက်သည်။ စုလှိုင် မြန်မြန်ဖွင့်ကြည့်လိုက်ပြီး ပါးစပ်အဟောင်းသား ဟသွားသည်။ကိုရေခဲက-

“စုလှိုင် ဘာပေါက်မဲလဲ ပေးစမ်း”

ဆိုပြီး ကံစမ်းမဲလိပ် ကလေးကို စုလှိုင် လက်ထဲက ဆွဲယူလိုက်ပြီး ဖြန့်ကြည့်လိုက်သည်။

“အံ့သြစရာပါပဲ ခင်ဗျာ။ လူကြီးမင်းရဲ့ ကံစမ်းမဲက ဒီနေ့အဖို့ ပထမဆုံး တီရှပ်ကို ပေါက်သွားပါပြီ”

ဆိုပြီး မဲလိပ်ကို စုလှိုင်လက်ထဲ ထိုးထည့်လိုက်သည်။

“ဆရာ” ဆိုသည့် စုလှိုင်အသံတိုးတိုးလေးက နစ်မြုပ်သွားသည်။ အော်ကြသည့်အထဲတွင် ဝိုင်းမှလူတွေတင်မက စားပွဲထိုးကောင်လေးတွေရော၊ လွင်လွင်နှင့် သက်မာပါ ပါနေတာကို စုလှိုင် မျက်လုံးအဝိုင်းသားနှင့် ကြည့်နေရသည်။ ဆရာကိုရေခဲက ပုံးထဲက တီရှပ်ကို အရက်သမားကြီးကို

ပေးလိုက်တာ။

“အေးက ငါ့ကို ချစ်နေတာပါလား။ ကံစမ်းမဲက သက်သေပဲ ကြည့်စမ်း၊ ဒါကို ငါ ဘာလို့ အရင်က မသိရတာ လဲ”

ဆိုပြီး အရက်သမားကြီး တုန်တုန်ယင်ယင် ဖြစ်နေတာ။

သူ့အဖော်တွေက အိမ်ပြန်.... အိမ်ပြန်၊ အေးဆီပြန် ဆိုပြီး တွန်းလွှတ်လို့ တီရှပ်ကလေးကို အမြတ်တနိုး ရင်မှာပိုက်ပြီး ဆိုင်ကယ်ကို မိုးရွာထဲမှာ စီးထွက်သွားတာ။

အဲဒါတွေ အားလုံးကို စုလှိုင် ကြက်သေသေပြီး ငေးမောကြည့်နေမိသည်။ အရက်ဝိုင်းလည်း လူစုကွဲပြီး ပြန်ကြပြီ။ စုလှိုင်တို့ကို ကိုးနာရီထိုးတော့ ကားလာကြို၍ လွင်လွင်တို့၊ သက်မာတို့ ကုန်ပစ္စည်းပုံးတွေ သယ်ပြီး ကားဆီ လျှောက်သွားကြသည်အထိ စုလှိုင် ငိုင်နေဆဲ။ မဲလိပ်ကလေးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲ။ ဆရာကိုရေခဲကို စုလှိုင် အဓိပ္ပာယ် ပါပါစိုက်ကြည့်တော့ ဆရာက သက်ပြင်းချသည်။

“ဒီလို ပြဿနာမျိုးနဲ့ ဆရာ့အဖေနဲ့ အမေ ကွဲခဲ့ကြတာ၊ ဆရာက မိဘမဲ့ဘဝနဲ့ အဒေါ်နဲ့ ကြီးရတယ်။ ကနေ့ ဟိုအရက်သမားကြီးရဲ့ သားကလေးကို စာနာစိတ်နဲ့ ဆရာ ကောင်းမှုတစ်ခု ပြုလိုက်တာပါကွာ”

ဆရာကိုရေခဲ ရှေ့မှ ထွက်သွားတော့ စုလှိုင် နောက်မှ လိုက်လာပြီး ကားပေါ်တက်ခါနီး အခုထိလက်ထဲမှာ ဆုပ်ကိုင်ထားဆဲဖြစ်သည့် ဗလာကံစမ်းမဲ စာရွက်ကလေးကို မိုးရေစီးကြောင်းထဲမှာ မျောပါသွားစေရန် သေသေချာချာ လုံးခြေလွှင့်ပစ်လိုက်ပါတော့သည်။

**ရုပ်ရှင် အမြုတေ မဂ္ဂဇင်း**
**၂၀၀၇ ခုနှစ်၊ ဇွန်လ**

*